# ရခိုင်ပြည်နယ်ရှိ

# မြို့တိုင်းရင်းသား

## အမည်နာမ အပြောင်းအလဲမှတ်တမ်း စုစည်းမှု စာတမ်း။

ဤစာတမ်းသည် ရခိုင်ပြည်နယ် ရှိ မြို့လူမျိုးတို့၏ လူမျိုး နာမည် ခေတ် အဆက်ဆက် ပြောင်းလဲလာသော မြို့၊ ခမိ၊ ခမီ၊ ခမီး၊ တောင်မြို့၊ ခမွီး အမည်နာမများအား သိရှိနားလည် စေရန် ရည်ရွယ် ပါသည်။

Ahton Cultural Research

And Development Center

- Yangon

(January 17, 2021)

# မြို လူမျိုးတို့ အမည် ပြောင်းလဲမှု များအကြောင်း

မြိုလူမျိုးတို့တွင် မြန်မာနိုင်ငံရှိ တခြားသော တိုင်းရင်းသားများနည်းတူ မိမိကိုယ်ကို ခေါ် ဆိုသော နာမည်၊ သူများက ခေါ် ဆိုသော နာမည်၊ မိမိအချင်းချင်း ခေါ် ဆိုရာတွင် ဒေသအလိုက် ခေါ် ဝေါ် သော နာမည် များ ရှိသည်။ မိမိကိုယ်ကို **ခမီး၊ခမိ၊ခမီ** ဟုခေါ် ဝေါ်သည် အနက်ကား **"လူ"**ဟု အဓိပ္ပါယ် ရှိသည်။ "ခမိ" ဟူသော နာမည်အား မိမိ လူမျိုးနှင့် တခြား လူမျိုးခွဲခြားရာတွင် အသုံးပြု တကဲ့သို့ လူနှင့် တိရစ္ဆာန်အား ခွဲခြား သုံးနှုန်းရာတွင်လည်း သုံးသည်ဟု ဒေါက်တာကျော်သိန်း၏ စာတမ်းတွင် တွေ့ရသည်။

ခမိ၊ခမီ၊ ခမွီး ဟူသော အခေါ်အဝေါ် သည် တခြား တိုင်းရင်းသားများ၏ လေယူလေသိမ်းအပေါ် တွင် မူတည်၍ လေသံကွဲပြားမှု ရှိသည်။

မြိုတို့သည် ဘုရင်မာရယုအားမွေးစားသော သမိုင်းကြောင်း ရှိသည်။ မြန်မာ့သမိုင်းတွင် အစောဆုံး တွေ့ရသော မြို တို့ အမည်တစ်ခုမှာ **"မြိုခွေးမွေး"၊ ခွေးမွေးတောင်မြို"** ဟု ဖော်ပြချက်ပင် ဖြစ်သည်။ ဒသရာဇာမင်းလက်ထက် (၄၈၅ ခုနှစ်) တွင်နှစ်ပေါင်းများစွာ ပျောက်ကွယ် နေသော မဟာမုနိရုပ်ပွားတော်အား ရှာဖွေတွေ့ရှိသော မြိုသင်းကြီး ရဟောင်လာ၊ အပေါင်လာတို့ကို "မြိုခွေးမွေး၊ "ခွေးမွေးတောင်မြို" ဟုမှတ်တမ်းတင်သည်ကိုလည်းတွေ့ရသည်။ **(အရှင်စန္ဒာမာလာ လင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း (မန္တလေးမြို့၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၃၁)။ စာ ၄၄၅-၄၄၆။)**

ကိုလိုနီခေတ် အုပ်ချုပ်ရေးတွင် ရခိုင်တောင်တန်းဒေသ သည် လက်ရှိ ချင်းပြည်နယ် ပလက်ဝ အထိပင် ဖြစ်သည်။ အုပ်ချုပ်မှု ပိုင်းတွင် စစ်တွေ စီရင်စု၊ နှင့် ပလက်ဝစီရင်စုကို မျှောက်တောင်မှ အုပ်ချုပ်သည်။

**The Hill Tracts Of Arakan** (ရခိုင်တောင်တန်းဒေသ )တွင် မြို၊ ခမီး နှင့် တခြား တိုင်းရင်းသားများ နေထိုင်ကြသည်။ ဗြိတိသျှတို့နယ်ချဲ့သည့် ၁၉၂၁ - ၁၉၂၆ ခုနှစ်တွင် တနင်္သာရီနှင့် ရခိုင်သည် ရခိုင်ဘုရင်တို့ အုပ်ချုပ်သည့်အတိုင်း ခမီ ဆိုသည်မှာ ရခိုင်အုပ်စု (၇) စု တွင် ပါဝင်သည်။ ခမီးသည် ပလက်ဝ အုပ်စုဖြစ်သည်။ ပလက်ဝသည် ဗြိသျှခေတ် ရခိုင်တောင်တန်း ဒေသ တွင်ပါဝင်သည်။ ခမီးသည် ရခိုင်တောင်တန်းဒေသတွင် ပါဝင်သဖြင့် ရခိုင်အုပ်စုထဲတွင် ပါဝင်လာရသည်။

လွတ်လပ်ရေးရပြီးနောက် ချင်းဝိသေသတိုင်းထဲတွင် ပလက်ဝဒေသပါဝင်သွားသဖြင့် ကျန်ရှိပြီး လူသည် ချင်းဝိသေသတိုင်းထဲသို့ ရောက်ရှိသွားပြီး ခမီး နာမည်သည် ရခိုင်တိုင်း ထဲတွင် ကျန်ရစ်ခဲ့ခြင်းဖြစ်ပါသည်။ ရခိုင်နှောင်းပိုင်းသမိုင်းများတွင် မြို အဖြစ် သုံးစွဲသည်ကို အထက် ဖော်ပြပါဇယားတွင် ကြည့်ရှုနိုင်ပါသည်။ ခမီးလူမျိုးသည် ပလက်ဝဘက်တွင်သာ ရှိ သည်။

မြိုလူမျိုး အမည်များ အပြောင်းအလဲများအား အောက်ပါ ဇယားတွင် တွေ့ရှိနိုင်သည်။

| စာရေးဆရာများ | ခုနှစ် | မြို | ခူမီး(ခမီး) |
|---|---|---|---|
| Buchanan | 1798 | Myoun/Kue Mye | Kaung-me |
| JFJ Stevenson | 1870-72 | Mro | Hkamie |
| Census | 1871 | Mro | Khoomies |
| E.T.Delton | 1872 | Mrons | Kumi |
| R.H.Spearman | 1879 | Mro | Khamie |
| R.H. Spearman | 1880 | Mro | Khami |
| W.G.Hughes | 1881 | Mro/PinMro | Kamees |
| E.Forchammer | 1884 | Mro | Kwayme |
| HL Eales (Census) | 1891 | Mro/Kwemis | Kami/Khami |
| CC Lowis (Census) | 1901 | Mro | Kami |
| W.S (Thomson) | 1910 | Mro | Kamee |
| C.Margon Webb (Census) | 1911 | Mro ( Appendix ) | Khami |
| L.F. Loylor (Census) | 1921 | Mro | Khami |
| Captain J.H Green (Census) | 1931 | Mro 11%/ Awa Khami | Ahraing Khami |
| C.M.Enriquez | 1933 | Mro | Kami |
| ချင်းခလေ့ | 1960 | မြို(ချင်း) | ခူမီး(ခေါ် ) ခမီး |
| တိုင်းရင်းသားချင်း | 1962 | မြိုအဝမြိုဝါကုန်း | ခမီး |
| စွယ်စုံကျမ်း | 1973 | မြို | |
| တိုင်းရင်းသားရခိုင် | 1976 | မြို | ခမီ (ရှောနှော) |

မှတ်ချက်။ အထက်ဖော်ပြချက်တွင် မရူစာ(မြို)တို့ အား ရေတွက်ဖော်ပြခြင်းအား စာရေးသူမှ ထည့်သွင်းဖော်ပြခြင်း မဟုပ်ပါ။ မိမိကိုယ်အား ခမိ၊ခမီး ဟု သုံးနှုန်းသော "မြိုလူမျိုး"တို့အား ရေတွက်ခြင်းသာ ဖြစ်ပါသည်။